ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း
# National Community Driven Development Project
# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)
### ပန်းချောင်းကျေးရွာ၊ပန်းချောင်းကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ကျောက်တန်းမြို့

မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ..........................................................................................................၂

၂။ပန်းချောင်းအုပ်စုမြေပုံ..............................................................................................................၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း.........................................................၄

၄။ကျေးရွာအခြေခံအချက်အလက်များ.................................................................................................၅

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်..................၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .. ၇

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ....................၂၁

၈။ကျေးရွာကော်မတီစာရင်း.........................................................................................................၂၂


၉။ပုံစံ၁။ကျေးရွာအချက်အလက်.....................................................................................................၂၃

၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ...............................................................................၂၅

၁၁။အစည်းအဝေးမှတ်တမ်းများ......................................................................................................၂၈

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)................................................၃၃

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ



ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ပန်းချောင်းကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ ပန်းချောင်းကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ပန်းချောင်းကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၁၀)မိုင်ခန့်ကွာဝေးသောရွာတစ်ရွာဖြစ်ပါသည်။လမ်းမကောင်းလျှင်(၁)နာရီကျော်ကြာပြီးလမ်းကောင်းလျှင် (၄၅)မိနစ်ကြာပါသည်။ ပန်းချောင်းကျေးရွာတွင်လူဦးရေ(၉၉၅)ဦးရှိပြီး အိမ်ထောင်စုမှာ(၂၆၂)ရှိပါသည်။ ပန်းချောင်းကျေးရွာကို နှစ်ပေါင်း(၁၀၀)ကျော်က တည်ထောင်ခဲ့ပါသည်။ ပန်းချောင်းရွာဟု ခေါ်ရခြင်းမှာ ဂါဆိုပန်းခူးလတွင်တဖက်ကမ်းတွင်ရှိသောပန်းများပွင့်သောတောကြီးထဲသို့ချောင်းကိုဖြတ်ကာပန်းများသွားရောက်ခူးသောကြောင့်ပန်းချောင်းဟုခေါ်ပါသည်။ပန်းချောင်းကျေးရွာတွင်ဗမာလူမျိုးများသာနေထိုင်ကြပါသည်။အဓိကစီးပွားရေးမှာလယ်လုပ်ငန်း၊စိုက်ပျိုးရေးလုပ်ငန်း၊မွေးမြူရေးလုပ်ငန်း၊ရေလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးမှာ စပါးနှင့် ပဲကို အဓိကထားစိုက်ပျိုးကြပါသည်။ ပန်းချောင်းရွာ၏ အရှေ့ဘက်တွင် စင်မကော်ကျေးရွာ၊ မြောက်ဘက်တွင်ဆက်သွယ်ရေးလမ်းမကြီး၊ တောင်ဘက်တွင် မှော်ဂန်းချောင်းရှိပြီး အနောက်ဘက်တွင်မှော်ဂန်းတံတားရှိပါသည်။ပန်းချောင်းကျေးရွာတွင်မူလတန်းကျောင်း၊ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ ဆေးပေးခန်း၊ စာကြည့်တိုက်ရှိပါသည်။ ရွာတစ်ခုလုံး၏သောက်ရေသုံးရေအတွက် ရေကန်(၇)ကန်နှင့်စက်ရေတွင်း(၂)တွင်းရှိပါသည်။ ကျေးရွာတွင်မီးရရှိခြင်း မရှိသေးပါ။ ကျေးရွာ၏ အခြေအနေမှာ မပြေလည်သူများ များပြားပါသည်။

### ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၀ | ၀ | ၀ | ၀ |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၅၀ | ၆၀ | ၉၀ | ၁၅၀ |
| မြေယာမဲ့ | ၄၀ | ၆၉ | ၈၉ | ၁၅၈ |
| မသန်စွမ်း | ၃ | ၂ | ၁ | ၃ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | အသေးစားအရောင်းအဝယ် | ရေလုပ်ငန်း |
| | ဘဲ | | |
| | | | |
| | | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၃၅၀ | - | - | သဲ | -/၇ | ၂ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၃ | ၁၅ | ၂ | ၂၀ | - | ၆ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၃ | - | - | - | ၂၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၀၀ | ၂၀၀ | ၂၀ | ၂၀ | ၆ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၂-၇-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း | ၆၉ | ၈၀ | ၁၄၉ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၂-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၆၉ | ၈၀ | ၁၄၉ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ချက် | ၂၃-၁-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၃၆ | ၆၄ | ၁၀၀ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သတ်မှတ်ချက် | ၂၃-၁-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၃၆ | ၆၄ | ၁၀၀ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၂၄-၁-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၅၅ | ၆၀ | ၁၁၅ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂၄-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၅၅ | ၆၀ | ၁၁၅ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


### ၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။



## သုံးသပ်ချက်

ပန်းချောင်းကျေးရွာအုပ်စု၊ပန်းချောင်းကျေးရွာတွင်အိမ်ခြေစုစုပေါင်း(၁၃၈)အိမ်ရှိပါသည်။ပန်းချောင်းကျေးရွာအဓိကလုပ်ငန်းမှာလယ်ယာလုပ်ငန်းဖြစ်ပါသည်။ကျေးရွာ၏ရွာဘေးတွင်ချောင်းရှိသည်။ရွာတွင်ရေကန်(၇)ကန်ရှိပြီးထိုကန်(၇)ကန်လုံးမှသောက်ရေသုံးရေသုံးစွဲပါသည်။ကျေးရွာတွင်စက်ရေတွင်း(၂)တွင်းရှိပြီးရေကောင်းရေသန့်ရရှိပါသည်။ကျေးရွာတွင်စပါးထွက်နှုန်းမှာတစ်ဧကကို(၅၀)နှုန်းမျှသာထွက်သဖြင့်လုပ်ကိုင်ရာတွင်အထွက်နှုန်းမှာနည်းသောကြောင့်စီးပွားရေးအဆင်မပြေပါ။ကျေးရွာတွင်ဆေးပေးခန်း(၁)ခုရှိပါသည်။မူလတန်းကျောင်း(၁)ကျောင်းရှိပြီးစေတီ(၁)ဆူနှင့်ဘုန်းကြီးကျောင်းလည်းရှိပါသည်။ကျေးရွာစာကြည့်တိုက်လည်းရှိသည်။ဆန်စက်(၂)လုံးရှိပြီးပျက်စီးနေသောကျေးရွာအုပ်ချုပ်ရေးမှူးရုံးလည်းရှိပါသည်။ကျေးရွာတွင်လမ်းမကြီး(၆)ခုရှိပြီး၎င်းလမ်းများမှာအုတ်ခင်းလမ်းနှင့်ကွန်ကရစ်လမ်းများဖြစ်ပါသည်။ရွာတွင်းလမ်းသွယ်(၁၁)လမ်းရှိပြီး(၆)လမ်းမှာမြေသားလမ်းများဖြစ်ပြီး (၅)လမ်းမှာကွန်ကရစ်လမ်းဖြစ်ပါသည်။ဆန်စက် (၂)လုံးရှိသည်။

## ၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်ဧက (၃၀ - ၅၀)ကြား၊ကား ဆန်စက်၊ ပေါင်းရိုက်စက်၊ လယ်ထွန်စက်၊ထော်လာဂျီ နိုင်ငံကယ်၊ သားသမီးကို ကျောင်းထားနိုင်ခြင်း | ၈ | ၃% |
| အသင့်တင့်ပြေလည် | လယ်ဧက (၅ - ၁၀)ကြား၊ထော်လာဂျီ နိုင်ငံကယ်၊ သားသမီးကိုကျောင်းထားနိုင်သည်။ | ၂၈ | ၁၂% |
| နွမ်းပါး | အိမ်ခြေ၊ ယာခြေမရှိ၊ ကြွေးများရှိ မူလတန်းထိ ကျောင်းထားနိုင်သည်၊ မသန်စွမ်းရှိ | ၁၈၄ | ၈၅% |
| | | ၂၂၀ | ၁၀၀% |

## သုံးသပ်ချက်

ပန်းချောင်းကျေးရွာတွင် ချမ်းသာ၊ အသင့်အတင့်ပြေလည်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသော အဆင့်မှာ လယ်ဧက(၃၀-၅၀)ကြား၊ ကား၊ ဆန်စက်၊ စပါးရိတ်စက်၊ လယ်ထွန်စက်၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ သားသမီးများကိုကျောင်းထားနိုင်ခြင်းတို့ဖြစ်ပြီး အိမ်ထောင်စုမှာ (၈)စုနှင့် ရာခိုင်နှုန်းမှာ(၃%)ရှိပြီး၊ အသင့်အတင့်ပြေလည်သောအဆင့်တွင် လယ်ဧက(၅-၁၀)ကြား၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ သားသမီးများကိုကျောင်းထားနိုင်ခြင်းတို့ဖြစ်ပြီး အိမ်ထောင်စုမှာ (၂၈)စုနှင့် ရာခိုင်နှုန်းမှာ(၁၂%)နှင့် နွမ်းပါးသောအဆင့်မှာ အိမ်ခြေ၊ယာခြေရှိသော်လည်း ကြွေးများရှိကြသောကြောင့် သားသမီးများကိုမူလတန်းထိသာကျောင်းထားနိုင်ကာ၊ မသန်စွမ်းများရှိကြပြီးအိမ်ထောင်စုမှာ(၁၉၇)စု ရာခိုင်နှုန်းမှာ(၈၅%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်းနွမ်းပါးရခြင်းမှာ ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးခြင်း၊ ပုံမှန်ဝင်ငွေမရှိခြင်း၊အရွယ်မတိုင်ခင်လုပ်ငန်းခွင်ကိုဝင်ရခြင်းများ၊အသိပညာ၊အတတ်ပညာများနည်းပါးခြင်းများ ၊မသန်စွမ်းများကိုကြည့်ရှုစောင့်ရှောက်ချိန်များကြောင့်အပြင်ထွက်အလုပ်မလုပ်နိုင်ခြင်းများကပန်းချောင်းကျေးရွာတွင် နွမ်းပါးသူများပြားရခြင်း၏ အဓိကအကြောင်းအရင်းများဖြစ်သည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**ရာသီဥတု** တန်ခူး၊ ကဆုန်တွင်ရာသီဥတုသာယာကာ နယုန်၊ ဂါဆို၊ ဂါခေါင်၊ တော်သလင်းလများတွင် မိုးများသည်းထန်စွာရွာသွန်း၍သီတင်းကျွတ်၊တန်ဆောင်မုန်းလများတွင်မိုးအနည်းငယ်သာရွာပါသည်။နတ်တော်၊ပြာသို၊တပို့တွဲ၊တပေါင်းလများတွင်အနည်းငယ်အေး၍ရာသီဥတုသာယာပါသည်။

**စိုက်ပျိုးရေး** နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးပါသည်။ တော်သလင်း၊ သီတင်းကျွတ်လများတွင် စပါးရိတ်သိမ်းကြပါသည်။စပါးရိတ်သိမ်းပြီးချိန်တွင်ပဲတီစိမ်းများကိုသီးထပ်စိုက်ပျိုးကြပါသည်။

**ကျန်မာရေး** ရာသီဥတုပြောင်းလဲမှုကြောင့်နယုန်၊ဝါဆို၊သီတင်းကျွတ်၊တန်ဆောင်မုန်းလများတွင်နှာစေးခြင်း၊ချောင်းဆိုးခြင်း၊တုတ်ကွေးရောဂါများ ဖြစ်ခြင်းတို့ဖြစ်လေ့ရှိပါသည်။

**လမ်းပန်းဆက်သွယ်ရေး** နယုန်၊ဝါဆို၊ဝါခေါင်လများတွမိုးရာသီ၌သွားလာရာခက်ခဲသောနေရာများရှိနေပါသည်။

**ပွဲတော်များ** တန်းခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တပေါင်းလတွင် ဘုရားပွဲတော်များကျင်းပကြပါသည်။

**ဝင်ငွေ** သီတင်းကျွတ်၊တန်ဆောင်မုန်း၊ တပို့တွဲ၊ တပေါင်းလများတွင် ရာသီသီးနှံပေါ်ချိန်ဖြစ်၍ ဝင်ငွေအသင့်အတင့်ရှိသော်လည်း ကျန်လများတွင်နေ့စားလုပ်ငန်းများဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် မိသားစုဝင်ငွေမှာ နည်းပါးပါသည်။

**ရေလုပ်ငန်း** ရေလုပ်ငန်းကို တန်ခူး၊ ကဆုန်၊ နယုန်၊ဂါဆို၊ဂါခေါင်တွင်ရေလုပ်ငန်းကိုလုပ်ကိုင်သူများသည်။

**အစာရေစာဖူလုံမှု** ကျေးရွာအတွက်အစာရေစာဖူလုံမှုတွင်လည်းအသင့်အတင့်အနေအထားတွင်ရှိပါသည်။

**သောက်သုံးရေရရှိမှု** တန်ခူး၊ ကဆုန်၊ တပေါင်းလများတွင်သောက်သုံးရေရရှိမှုမလုံလောက်သောအနေအထားတွင်ရှိသည်။

၄။ ဗင်းပုံစံ သုံးသပ်ချက်။





သုံးသပ်ချက်

ကျေးရွာအတွင်းအဖွဲ့အစည်းများတွင်အုပ်ချုပ်ရေးမှူးနှင့်ကျောင်းကော်မတီ၊ပရဟိတအဖွဲ့တို့သည်ကျေးရွာ၏ပညာရေးမြင့်မားအောင်ပူးပေါင်းဆောင်ရွက်ကြပြီးအမျိုးသမီးများ၏အခက်အခဲများကိုဖြေရှင်းပေးပါသည်။ကျေးရွာလူထု၊ဂေါပကအဖွဲ့တို့သည်ကျေးရွာဘာသာရေး၊သာသနာရေးရေရှည်တည်တံ့စေရန်ဆောင်ရွက်ကြပါသည်။မြစိမ်းရောင်နှင့်ပတ်(စ်)မြန်မာအဖွဲ့အစည်းများသည်ကျေးရွာ၏စီးပွားရေးလုပ်ငန်းများအားတိုးချဲ့လုပ်ဆောင်နိုင်စေရန်ထောက်ပံ့ပေးခြင်းနှင့်ကျေးရွာ၏အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ်ထုတ်ချေးထားသည်ကိုတွေ့ရှိရပါသည်။ကျေးရွာ၏အမျိုးသမီးများနှင့်ကလေးသူငယ်များအတွက်အမျိုးသမီးရေးရာအဖွဲ့ကိုလည်းထားရှိပေးထားသည်ကိုတွေ့ရသည်။နာရေးကူညီမှု၊ဧည့်ခံအဖွဲ့၊ထမင်းချက်/ကျွေးအဖွဲ့၊ကာလသား/မီးအဖွဲ့တို့သည်လည်းကျေးရွာ၏သာရေး၊နာရေးကိစ္စများတွင်ကူညီပေးကြသောအဖွဲ့အစည်းများအဖြစ်တွေ့ရှိရသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သောမြို့နယ်ထွေအုပ်၊မြို့နယ်ရဲစခန်း၊မြို့နယ်ပြည်သူ့ဆေးရုံ၊မြစိမ်းရောင်၊မြို့နယ်တရားရုံး၊မြို့နယ်စည်ပင်၊မြို့နယ်မီးသတ်တို့သည်ကျေးရွာအဖွဲ့အစည်းများနှင့်ကဏ္ဍအသီးသီးတွင်ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလဲ တွေ့ရှိရပါသည်။

### ၅။ ပင့်ကူအိမ် သုံးသပ်ချက်။



## သုံးသပ်ချက်

### ဆုံးဖြတ်ချက်ချနိုင်မှု

ဆုံးဖြတ်ချက်များချရာတွင်အမျိုးသားများကအမျိုးသမီးများထက်ပို၍ဆုံးဖြတ်ချက်ချနိုင်သည်ကိုတွေ့ရှိရပါသည်။အဘယ့်ကြောင့်ဆိုသော်ယခင်အချိန်များကကိစ္စတစ်ခုဖြစ်ပေါ်လာလျှင်အမျိုးသားများကသာဆုံးဖြတ်ချက်များကိုအများဆုံးချလေ့ရှိသောကြောင့်ယခုအချိန်ခါရောက်သောအခါအမျိုးသမီးများသည်မိမိကိုယ်ကိုကိုယ်ယုံကြည်မှုနည်းပါးလာပြီးနောက်ကျန်နေခဲ့ရသည်ကိုတွေ့ရှိရပါသည်။

### ဦးဆောင်နိုင်မှု

ကျေးရွာ၏သာရေးနာရေးကိစ္စများတွင်မြန်မာအစဉ်အလာအရအမျိုးသားများကသာအများဆုံးဦးဆောင်နေသည်ကိုတွေ့ရှိရပြီးအမျိုးသမီးများ၏ဦးဆောင်နိုင်မှုမှာနည်းပါးနေသေးကြောင်းတွေ့ရှိရပါသည်။

### ကျန်းမာရေးလက်လှမ်းမှီမှု

အမျိုးသမီးများသည်အမျိုးသားများထက်ကျန်းမာရေးအသိပညာပိုမိုသိရှိသည်ကိုတွေ့ရှိရပါသည်။

### လုံခြုံမှု

အမျိုးသားများသည်လုံခြုံမှုအပြည့်အဝရှိသည်ကိုတွေ့ရှိရပြီးအမျိုးသမီးများအတွက်လုံခြုံမှုအားနည်းသည်ကိုတွေ့ရသည်။

### အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု

အမျိုးသားများသည်အိမ်မှုကိစ္စများအပေါ်တွင်ပူးပေါင်းပါဝင်မှုရှိသော်လည်းထုံးတမ်းအစဉ်လာများအရအိမ်မှုကိစ္စများကိုအမျိုးသမီးများကသာလုပ်ဆောင်ရမည်ဟူသောအစဉ်လာအရ အမျိုးသမီးများကသာ အများဆုံးလုပ်ဆောင်ရသည်ကို တွေ့ရှိရပါသည်။

### အလုပ်ကိုင်အခွင့်လမ်း

ကျေးရွာတွင်အမျိုးသားများကအလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိပြီးအမျိုးသမီးများအတွက် အခွင့်အလမ်းမှာ နည်းပါးပါသည်။

**ပညာရေးပါဝင်မှု**

အမျိုးသားများနှင့် အမျိုးသမီးများသည် ပညာရေးတွင်တန်းတူအခွင့်ရေး များမရရှိသည်ကို တွေ့ရှိရပါသည်။


**အဖွဲ့အစည်းများတွင်ပါဝင်ခြင်း**


အမျိုးသမီးများနှင့် အမျိုးသားများသည် ယခုအခါအဖွဲ့အစည်းများတွင် တန်းတူနည်းပါး ပူးပေါင်းပါဝင် လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

**ကလေးတာဝန်ယူမှု**

ကလေးတာဝန်ယူထိန်းကျောင်းမှုတွင်အမျိုးသမီးများကအများဆုံးလုပ်ဆောင်ပြီးအမျိုးသားများ၏တာဝန်ယူထိန်းကျောင်းမှုမှာ ထက်ဝက်ရှိသည်။

**၆။ပိုင်ဆိုင်မှု သုံးသပ်ခြင်း။**





**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သောရေလုပ်ငန်း၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ ပန်းရုံ၊ စက်လှေ၊ ကား၊ ဆိုင်ကယ်၊ လယ်ယာသုံးစက်၊ လက်သမား၊ ပိုက်ကျော်ခြင်းကွင်း စသည်တို့ကိုအမျိုးသားများက ထိန်းချုပ်ထားပါသည်။ကောက်စိုက်ခြင်း၊ အလှပြင်ဆိုင်၊ ဈေးဆိုင်တို့ကို အမျိုးသမီးများကထိန်းချုပ်ထားပါသည်။ လမ်းမများ၊ ဘုန်းကြီးကျောင်း၊ သစ်ခုတ်ခြင်း၊လယ်/ယာမြေ၊ စပါးရိတ်/ပဲခူးခြင်း၊ အပ်ချုပ်စက်၊ ရေတွင်းရေကန်၊ စာကြည့်တိုက်တို့ကို အမျိုးသား/အမျိုးသမီးတို့ကထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်ဖြစ်သောပိုက်ကျော်ခြင်းကွင်း၊လယ်ယာသုံးစက်၊ ကား၊ဆိုင်ကယ်၊ စက်လှေ၊ ရေလုပ်ငန်း၊ ပန်းရုံ၊ လက်သမား၊ လယ်/ယာ/မြေစသည်တို့ကို အမျိုးသားများအသုံးပြုပြီးအပ်ချုပ်စက်၊ရေတွင်းရေကန်၊အလှပြင်ဆိုင်၊ကောက်စိုက်၊စပါးရိတ်၊ ပဲခူးခြင်းများကို အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသောအရင်းအမြစ်များမှာဘုန်းတော်ကြီးကျောင်း၊သစ်ခုတ်ခြင်း၊လမ်းမများ၊ စာသင်ကျောင်း၊စာကြည့်တိုက်၊ဆေးပေးခန်းတို့ကို အသုံးပြုကြပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန်ကျေးရွာအုပ်ချုပ်ရေးမှူးကို ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေး အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** ရက်စွဲ -၂၅ .၁.၂၀၁၇

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ် ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ် လာအောင်ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့ များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့ စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သောအချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီအချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကိုအစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ | √ | | |

| | | | | |
|---|---|---|---|---|
| | **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးများအဖွဲ့ခွဲ၍ ပင့်ကူအိမ်သုံးသပ်ခြင်း ပြုလုပ်နေသော မှတ်တမ်းဓါတ်ပုံ



ကျေးရွာလုပ်ငန်းခွဲများ မဲပေးနေကြသော မှတ်တမ်းဓါတ်ပုံ



အမျိုးသားများ အဖွဲ့ခွဲ၍ ပင့်ကူအိမ်သုံးသပ်ခြင်း ပြုလုပ်နေကြသော မှတ်တမ်းဓါတ်ပုံ



အမျိုးသား၊ အမျိုးသမီးတို့ စုပေါင်း၍ ကျေးရွာအရင်းအမြစ်ပြမြေပုံ ဆွဲနေသော မှတ်တမ်းဓါတ်ပုံ



စီမံကိန်းလုပ်ငန်းခွဲ မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



စီမံကိန်းလုပ်ငန်းခွဲ မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးမြင့်ဖော် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်စန္ဒာအောင် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးတင်ဦး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးဇော်ဝင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်ဝင်းဝင်းထွေး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးမင်းအောင်နိုင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်စိုးစိုးငွေး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးဆန်းလွင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၉ | ဒေါ်တင်တင်နွယ်(၁) | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၀ | ဦးခင်စိုး | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဒေါ်ခင်မာစီ | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဦးအောင်မိုးလတ် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်အေးအေးမာ | မ | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်စန်းဝင်း | မ | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၄) ယောက်   ကျား(၇)ယောက်+မ(၇)ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဒေါ်တင်တင်နွယ်(၂)  ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၂။ဒေါ်စန္ဒာအောင်  ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဌ
၃။ဒေါ်စုစုမော်  ဘဏ္ဍာရေးဆပ်ကော်မတီ၊ စာရင်းကိုင်
၄။ဦးမောင်ဦး  ဘဏ္ဍာရေးဆပ်ကော်မတီ၊ အဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်ဇင်မာလှိုင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၂၅.၁.၂၀၁၇

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးဇော်မျိုးထိုက် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-၇၉၉၄၄၇၄၂၆ | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ခင်မာလှိုင် |
| ပြည်နယ်၊တိုင်းဒေသကြီး ရှမ်း မြို့နယ် | ကျေးရွာအုပ်စု ပန်းချောင်း | ကျေးရွာ ပန်းချောင်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၂၆၉ | ဘာသာ (၁) ဗုဒ္ဓဘာသာ | ၂၆၉ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ----၁---- | | ဘာသာရော ---------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅၀ | | |
| စစ်ဘေးရှောင် | — | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၄၉၉ | ၅၂၀ |
| လူမျိုးစု (၁)-[illegible]- | ၄၉၉ | ၅၂၀ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၄၉ | ၂၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☑ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည် /မရှိပါ/ မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည် /ပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား -----------------

မိုးရာသီတွင်ကြာချိန်--------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား -----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုဖြစ်ခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) [illegible]

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ 22.1.2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ခင်မာလှိုင်

လက်မှတ် [illegible] နေ့စွဲ 22.1.2017

၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

**ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )**

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ဒေါ် ဇင်မာမြိုင် | | | |
| နေ့စွဲ ၂၅.၁.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√ ) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | |
| ပြည်နယ် / တိုင်း ရခိုင် | မြို့နယ် ကျောက်တော် | ကျေးရွာအုပ်စု ပန်းချောင်း | ကျေးရွာ ပန်းချောင်း |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖေါ်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | စံနှုန်းမမှီသော လမ်းများရှိ | ၁ | မိုးရာသီ သွားလာရခက်ခဲခြင်း |
| ၂ | လျှပ်စစ်မီး မရှိခြင်း | ၂ | စားဝတ်နေရေးခက်ခဲခြင်း |
| ၃ | ကလေးတန်း ပညာရေး မရှိခြင်း | ၃ | ကလေးတန်း ပညာရေး မရှိခြင်း |
| ၄ | ရာသီဥတုကြောင့် လုပ်ငန်းများ ထိခိုက်ခံရခြင်း | ၄ | ကျန်းမာရေး ဆွေးနွေးပွဲများ မရှိခြင်း |
| ၅ | စည်းဝေးခန်းမ မရှိခြင်း | ၅ | ရွာထဲတွင် လမ်းများ ခက်ခဲခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | စံနှုန်းမှီ လမ်းများ ရရှိရေး | ၁ | |
| ၂ | ၂၄ နာရီ မီးလင်းရေး ရရှိရန် | ၂ | |
| ၃ | ကလေးတန်း၊ ကထေကတန်း ကျောင်းများ ဖွင့် | ၃ | |
| ၄ | လယ်ယာသုံး စက်ကိရိယာ ဖုံလောက်စွာ ရရှိရန် | ၄ | |
| ၅ | တည်းခိုဆောင်များ၊ နားနေဆောင်များ [illegible] | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များ အားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁ | လမ်းပြုပြင်ခြင်း | ကျ + မ | ၂၇,၃၀၄၀၀၀ | ၉၉၅ |
| ၂ | သောက်သုံးရေ တွင်းရေကန် | ကျ + မ | ၂၄၀၀၀၀၀ | ၉၉၅ |
| ၃ | ကျန်းမာရေး ဆေးပေးခန်း | ကျ + မ | ၅၀၀၀၀၀ | ၉၉၅ |
| ၄ | [illegible] | ကျ + မ | ၅၀၀၀၀၀ | ၉၉၅ |
| | | | | |

| အမျိုးသားများမှ တင်ပြသော အခက်အခဲများ | အမျိုးသမီးများမှ တင်ပြသော အခက်အခဲများ |
| --- | --- |
| (၆) လယ်ယာသုံးစက်ကိရိယာများ မရှိခြင်း၊ လုံလောက်မှု မရှိခြင်း<br>(၇) မျိုးစပါး၊ ဓါတ်မြေဩဇာ၊ စိုက်ပျိုးရေး နည်းပညာများ လိုအပ်ခြင်း -<br>(၈) အားကစားကွင်း မရှိခြင်း<br>(၉) သက်ကြီးရွယ်အိုများ ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်ခြင်း<br>(၁၀) သောက်သုံးရေ လုံလောက်မှုမရှိခြင်း | (၆) ကျေးရွာရုံးခန်း မရှိခြင်း<br>(၇) မိုးရာသီတွင် အလုပ်အကိုင်နည်းပါးခြင်း<br>(၈) ပုံမှန်ဝင်ငွေမရှိခြင်း<br>(၉) သား/သမီးများ ကျောင်းမထားနိုင်ခြင်း<br>(၁၀) အဖွဲ့အစည်းများတွင် ပါဝင်ခွင့်နည်းပါးခြင်း<br>(၁၁) မူကြိုကျောင်း မရှိခြင်း<br>(၁၂) သဘာဝ ဘေးအန္တရာယ်ကြောင့် အခက်အခဲ ရှိခြင်း<br>(၁၃) ကျေးရွာ ခြံစည်းရိုး မရှိခြင်း ကြောင့် လုံခြုံမှုမရှိခြင်း<br>(၁၄) နွေရာသီ သောက်ရေ၊ သုံးရေ ခက်ခဲခြင်း |

| အမျိုးသားများမှ တင်ပြသော မျှော်မှန်းချက်များ | အမျိုးသမီးများမှ တင်ပြသော မျှော်မှန်းချက်များ |
| --- | --- |
| အဝေးခရီးမ ဆောက်လုပ်ပေးရန်<br>(၆) ကျန်းမာရေး ဆေးပေးခန်း ရရှိရန်<br>(၇) ကျေးရွာအားကစားကွင်း ရရှိရန်<br>(၈) သက်ကြီးရွယ်အိုများ အားအဆင့်မှ ကျန်းမာရေး စောင့်ရှောက်ပေးရန် | (၁) အလယ်တန်းကျောင်း ဖွင့်လှစ်နိုင်ရန်<br>(၂)(၂၄) နာရီ လျှပ်စစ်မီး ရရှိရန်<br>(၃) ကျန်းမာရေး အသိပညာ ရရှိရန်<br>(၄) အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခွင့် ရရှိရန်<br>(၅) လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး စီးပွားရေးအခွင့်အလမ်းများ ရရှိရေး<br>(၆) ပုံမှန်ဝင်ငွေရရှိသော စက်မှု၊ လက်မှု လုပ်ငန်းများ ထွန်းကားလာစေရန်<br>(၇) ပညာသင်ကြားရန် အခွင့်အရေး<br>(၈) သန့်ရှင်းသော ရေလုံလောက်စွာ ရရှိရေး<br>(၉) အလုပ်အကိုင်အခွင့်အလမ်း |

ယ။ လုပ်ထုံးစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လမ်း | က + မ | |
| ၂ | သောက်သုံးရေတွင်း၊ရေကန်ပြုပြင် | က + မ | |
| ၃ | ကျန်းမာရေး ဆေးပေးခန်း | က + မ | |
| ၄ | စာကြည့်တိုက် မျက်နှာကျက် | က + မ | |
| ၅ | လမ်း ( သို့လာမ်း ) | က + မ | |
| ၆ | ကျေးရွာခြံစည်းရိုး | က + မ | |
| ၇ | ရေဒုတ်ကန် ရှာဖွေပြုပြင်ရေး | က | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်မှုကော်မတီမှ အတည်ပြုသည်။

အမည် ဦး[illegible] လက်မှတ် [signature] နေ့စွဲ ၂၅-၁-၂၀၁၇

အရှင်ဒေါ်တင်တင်နွယ်(၂) [signature] ရက်စွဲ ၂၅-၁-၂၀၁၇

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

## ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ပန်းချောင်း

ကျေးရွာအုပ်စု ပန်းချောင်း

အစည်းအဝေးပြုလုပ်သည့်နေရာ ကျေးရွာဘုန်းကြီးကျောင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၂၂.၁.၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ကျေးရွာပထမအကြိမ်အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၆၉)ဦး ၊မ ( ၈၀ )ဦး= (၁၄၉) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ ကျေးရွာလူထုအား စီမံကိန်းနှင့် ပတ်သက်သည်များကို သိရှိစေရန်။ ကျေးရွာစေတနာ့ ဝန်ထမ်းများ ရရှိလာစေရန်။

ဆွေးနွေးချက်။ ။ လူထုစည်းရုံးရေးမှူး ဒေါ်ခင်မာလှိုင်မှ ကျေးရွာသူ/ရွာသားများအား မိတ်ဆက်၍ စီမံကိန်း စတင်ဖြစ်ပေါ်လာပုံနှင့် ရွာသူ/ရွာသားများအားလုံးနှင့် သက်ဆိုင်ကြောင်း၊ အားလုံးပူးပေါင်းပါဝင်မှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဖြစ်သောကြောင်း ပူးပေါင်းပါဝင်ပေးရန် ပြောကြားခဲ့သည်

ဆွေးနွေးချက်။ ။ ဒေါ်ခင်မာလှိုင်မှ စီမံကိန်း မိတ်ဆက် (၁၅) ချက်ကာ၊ ရှင်းလင်း ပြောကြားခဲ့သည်။ စီမံကိန်း ကော်ဝန်ကို ရှင်းပြခဲ့သည်။ အပိုင်း (၈) ပိုင်း၊ အဆင့် (၁၄) ဆင့် ကိုလည်း ရှင်းခဲ့သည်။ ဆက်လက်၍ စီမံကိန်းတွင် အဓိက တာဝန်ရှိသူများနှင့် ၎င်းတို့၏ တာဝန်များအကြောင်း ရှင်းပြခဲ့သည်။ ထို့နောက် ရှင်းလင်းပြောကြားခဲ့သည်များကို မရှင်းလင်း၊ နားမလည်သည်ပါက ပြန်လည်မေးမြန်းနိုင်ပါကြောင်း ပြောကြားခဲ့သည်။

ရွာလူထုမှ နားလည်ရှင်းလင်းပါကြောင်း ပြန်လည်ပြောကြားသောကြောင့် ပြောခဲ့သည်များကို ပြန်လည်အနှစ်ချုပ် ပြောကြားခဲ့သည်။

ဆုံးဖြတ်ချက်။ ။ဆက်လက်၍ ဒေါ်ခင်မာလှိုင်မှ ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်မည့် အကြောင်းကို ရှင်းပြခဲ့သည်။ အမျိုးသား (၁)ဦး၊ အမျိုးသမီး (၁) ဦး ရွေးချယ်ရပါမည်။ ကျေးရွာတွင် မည်မျှထားမည် ဟူသည့် ဆန္ဒကို မေးမြန်းရာတွင် ကျေးရွာမှ (၂)ယောက်သာထားမည် ဖြစ်ရာ ကျေးရွာဆန္ဒဖြင့် အဆိုပြုရာ အမျိုးသား (၃)ယောက်၊ အမျိုးသမီး (၃)ယောက် ကို အဆိုပြုခဲ့၍ မဲပေးရွေးချယ်ရာတွင် ဦးအောင်မိုးလှက် နှင့် ဒေါ်အေးအေးမော် တို့ကို ကျေးရွာစေတနာ့ဝန်ထမ်းအဖြစ် ပွင့်လင်းမြင်သာစွာ ရွေးချယ်ခဲ့သည်။ စေတနာ့ဝန်ထမ်း ရွေးချယ်ပြီးနောက်ဒေါ်ခင်မာလှိုင်မှ ရွာသူ၊ ရွာသားများအား ကျေးဇူးတင်ကြောင်း ပြောကြားပြီး လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်အစည်းအဝေးအား အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်ခင်မာလှိုင်
လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | ပန်းချောင်း |
| ကျေးရွာအုပ်စု | ပန်းချောင်း |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ကျေးရွာဘုန်းတော်ကြီးကျောင်း |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၂၅.၁.၂၀၁၇ |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ကျေးရွာ ဒုတိယ အကြိမ် အစည်းအဝေး |

အစည်းအဝေးတက်ရောက်သူဦးရေ၊ ။ကျား (၃၆ )ဦး ၊မ ( ၆၄ )ဦး= (၁၀၀) ဦး

ရည်ရွယ်ချက်၊ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်၊

ရည်ရွယ်ချက်။ ။အမျိုးသားများနှင့် အမျိုးသမီးများ၏ အခက်အခဲများအား သိရှိစေ၍ ကျေးရွာ၏ မျှော်မှန်းချက်များ သိရှိစေရန်၊ ဦးစားပေးလုပ်ငန်းစုများအား သိရှိစေရန် စီမံကိန်းလုပ်ငန်းစုများအား ဦးဆောင်လုပ်ကိုင်နိုင်မည့် စီမံခန့်ခွဲမှုကော်မတီဝင်များ ထွက်ပေါ်လာစေရန်။

ဆွေးနွေးချက်။ ။ဒေါ်ခင်မာလှိုင်မှ အမျိုးသား၊အမျိုးသမီး များအား သီးခြား ခွဲခြား ဆွေးနွေးစေ၍ ၎င်းတို့၏ အခက်အခဲများ၊ ကျေးရွာအတွက်မျှော်မှန်းချက်များကို ဖော်ထုတ်ခဲ့သည်။ ၎င်းအခက်အခဲများမှ မျှော်မှန်းချက်သို့ ရောက်ရှိရန် စီမံကိန်းလုပ်ငန်းစုများ ဖြင့်သွားမှသာ ရနိုင်မည် ဖြစ်ကြောင်းကို ပြောကြားခဲ့သည်။ အမျိုးသား၊အမျိုးသမီးများ၏ ထွက်ပေါ်လာသော ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပေါင်းရေးချုပ် မဲပေးနည်းဖြင့် ဦးစားပေး သတ်မှတ်ခဲ့သည်။ (၁) ရွာတွင်းလမ်း (၂) သောက်သုံး ရေတွင်၊ရေကန် ပြုပြင်၊ (၃) ကျေးရွာဆေးပေးခန်း ပြုပြင် ၊(၄) စာကြည့်တိုက် ချက်ချာကျက်ပြုပြင်၊ (၅) လယ်

(ဆိုလာမီး)၊ (၆) ကျေးရွာခြံစည်းရိုး၊ (၇) ရေနုတ်မြောင်း ပြုပြင်ခြင်း တို့ကို အများ ဆန္ဒဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ ရွေးချယ်ခဲ့ပါသည်။

ဆုံးဖြတ်ချက်။ "ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများအား စီမံခန့်ခွဲနိုင်ရန် ကျေးရွာစီမံ/ထောက် ခေါင်းဆောင် ထားရှိရမည်ဟု ဆွေးနွေး၍ ၎င်းတို့၏ တာဝန်ဝတ္တရားများနှင့် အမျိုးသား၊ အမျိုးသမီး (၁)ဦးစီ ထားရှိရမည်ဟု ပြောကြားခဲ့၍ ကျေးရွာလူထု အား (၃) ဦးစီ အဆိုပြုစေရာ ဦးမြင့်ဆော်၊ ဒေါ်စန္ဒာအောင် တို့မှ ရွေးချယ်ခံခဲ့ရသည်။ ကျေးရွာငွေစာရင်းကိုင်အတွက် (၃) ဦး အဆိုပြု၍ မဲပေးရွေးချယ်ခဲ့ရာ ဒေါ်စန်းဝင် မှ ရွေးချယ်ခံခဲ့ရပါသည်။ ဝယ်ယူရေးဆပ်ကော်မတီအတွက် မဲပေးရာ ဦးတင်ဦး၊ ဦးဇော်ဝင်း၊ ဒေါ်ဝင်းဝင်းထွေး တို့ကို ရွေးချယ်ခဲ့သည်။ စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီတွင် ဦးမင်းအောင်မိုး၊ ဒေါ်ခိုင်ဇွေ တို့ကို ရွေးချယ်ခဲ့သည်။ လည်ပတ်ထိန်းသိမ်း ရေးဆပ်ကော်မတီတွင် ဦးသန်းလွင်၊ ဒေါ်တင်တင်ရွယ်(၁) တို့မှာ ရွေးချယ်ခံခဲ့ရပါသည်။ ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့တွင် ဦးခင်စိုး၊ ဒေါ်ခင်မာစီ တို့မှာ အများဆန္ဒ ဖြင့်မဲပေးရွေးချယ်ခဲ့ကြသည်။"

သဘောတူညီချက်။ "ကျေးရွာလူထုအား ထပ်မံ၍ ဒေါ်ခင်မာလှိုင်မှ ယခုမဲပေးရွေးချယ်မှုအပေါ် ကျေးရွာလူထု၏ သဘောထားကို ထပ်မံမေးမြန်း၍ အများသဘောတူညီချက် ဖြင့် ပွင့်လင်းမြင်သာစွာမဲပေးရွေးချယ်ခဲ့ကြောင်း ပြောကြား၍ ရွေးချယ်ခံရသူများ ကိုလက်ခံပါသလားဟု၍ မေးမြန်းရာ အားလုံး သဘောတူညီသဖြင့် ရွေးချယ်ခံ ကော်မတီဝင်များကို ဆောင်ရန်၊ ရှောင်ရန်နှင့် လိုအပ်သော ကိုယ်ရေးအချက်များ၊ လက်မှတ်များရေးထိုး စေ၍ ကျေးရွာသူ/ရွာသားများ၏ သဘောတူညီမှုဖြင့် ဆောင် ရွက်ခဲ့ပြီး အစည်းအဝေးအား ရုတ်သိမ်းခဲ့ပါသည်။"

Thaing

မှတ်တမ်းတင်သူ

ဒေါ်ခင်မာလှိုင်

လူထုစည်းရုံးရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊